# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

September 24, 2020 | Volume 35, Number 18


**၂၄.၉.၂၀၂၀**

| | | |
|---|---|---|
| ကမ္ဘာ့ရွှေစျေး | = | ၁၈၄၉ US$ |
| မြန်မာ့ရွှေစျေး | = | ၁၃၀၀၀၀၀ ကျပ် |
| ဒေါ်လာစျေး | = | ၁၃၂၃/- ကျပ် |
| CBM Rate | = | ၁၃၁၉.၇ ကျပ် |
| ယူရို တစ်ယူရို | = | ၁၅၂၆.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = | ၉၅၂.၅၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = | ၁၆၆၉.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = | ၉၂၃.၅၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = | ၁၉၁.၈၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = | ၁၇.၇၁၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = | ၁၁၁.၅၉ ကျပ် |
| မလေးရှားရင်းဂစ် | = | ၃၁၄.၂၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = | ၄၁.၄၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဒုတိယအကြိမ် COVID-19 Fund ချေးငွေအတွက် လုပ်ငန်း ၁၀၀၀ ကျော် စတင်ခွင့်ပြု



COVID-19 ရောဂါအခြေအနေကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီမှ စက်တင်ဘာ ၂၂ ရက်က ဒုတိယအကြိမ် COVID-19 Fund ချေးငွေအတွက်ပထမအသုတ်အဖြစ် လုပ်ငန်း ၁၀၀၀ ကျော်စတင်ခွင့်ပြုပေးလိုက်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်း၏ ပြောပြချက်အရ သိရသည်။

ဒုတိယအကြိမ် COVID-19 Fund ချေးငွေရရှိသည့်လုပ်ငန်းများတွင် ပလတ်စတစ်လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ဝါးအချောထည်လုပ်ငန်း၊ ဆန်စက်နှင့်ဆန်ရောင်းဝယ်ရေးလုပ်ငန်း၊ ကော်ဖီလုပ်ငန်း၊ ဘာသာစကားသင်တန်း၊ အနုပညာသင်တန်း၊ မုန့်လုပ်ငန်း၊ ဖိနပ်လုပ်ငန်းစသည့်လုပ်ငန်းများပါဝင်ပြီး ချေးငွေများကို အတိုးနှုန်း ၁ ရာခိုင်နှုန်းနှင့် ချေးငွေကာလ တစ်နှစ်သတ်မှတ်ထားကြောင်းသိရသည်။

ဒုတိယအကြိမ်ချေးငွေအတွက် ဇူလိုင်၂၉ ရက်မှ ဩဂုတ် ၁၀ ရက်အထိ လျှောက်လွှာများကို လက်ခံခဲ့ပြီး UMFCCI မှတစ်ဆင့် လျှောက်ထားလာသော လျှောက်လွှာအစောင်ရေ ၁၅၇၀၊ Online မှတစ်ဆင့် လျှောက်ထားသောလျှောက်လွှာ ၉၉၃ စောင်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် CCI များမှ လျှောက်ထားသော လျှောက်လွှာ ၇၆၄၈ စောင် စုစုပေါင်း လျှောက်လွှာ ၁၀၂၁၁ စောင် လက်ခံရရှိခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ လျှောက်ထားလာသည့် လျှောက်လွှာများအနက် ယခုအခါ လုပ်ငန်း ၁၀၄၁ ခုကို စတင်ခွင့်ပြုပေးလိုက်ခြင်းဖြစ်သည်။ ချေးငွေထုတ်ယူခွင့်ရရှိသူများကို ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ချေးငွေထုတ်ပေးမည်ဖြစ်ပြီး ဒုတိယအကြိမ် COVID-19 Fund ချေးငွေအတွက် ပထမအသုတ်ကို စတင်ထုတ်ပေးခြင်းဖြစ်ကာ ဆက်လက်၍ ကျန်ရှိသည့်လျှောက်လွှာများအတွက် ချေးငွေများ ထုတ်ပေးနိုင်ရန် စိစစ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/2135

## ကုန်သေတ္တာတင်မော်တော်ယာဉ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကျဆင်းနေ




COVID-19 ရောဂါအခြေအနေကြောင့် ကုန်သေတ္တာတင်မော်တော်ယာဉ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ၄၅ ရာခိုင်နှုန်းအထိ ကျဆင်းနေကြောင်း မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်းမှ သိရသည်။ "သယ်ယူပို့ဆောင်ရေးလုပ်ငန်းက အရင်ကထက် ၄၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားတယ်။ အဓိကသယ်ယူပို့ဆောင်ရေးလုပ်ငန်းက Logistic ကဏ္ဍတွေအပေါ်မူတည်ပြီး လုပ်ကိုင်ရတာပါ"ဟု မြန်မာနိုင်ငံ ကုန်သေတ္တာ တင်မော်တော်ယာဉ်များအသင်းဥက္ကဋ္ဌ ဦးအောင်မိုးက ပြောသည်။ ထို့ပြင် နယ်စပ်ကုန်သွယ်ရေးစခန်းများသို့ တင်ပို့ရာတွင် ကန့်သတ်ချက်များကြောင့် အချိန်ကြန့်ကြာမှုများရှိနေ၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကျဆင်းနေခြင်းဖြစ်သည်။

လက်ရှိတွင် ကုန်သေတ္တာတင်မော်တော်ယာဉ်မောင်းနှင်သူများအတွက် တားမြစ်ကန့်သတ်ချိန်ဖြစ်သော ည ၁၂ နာရီမှ နံနက် ၄ နာရီအတွင်း ကျော်လွန်သွားလာမှုမရှိစေရေးနှင့် သတ်မှတ်ချိန်ထက်စော၍ ထွက်ခွာခြင်း၊ နောက်ကျသွားလာခြင်း မရှိစေရေး အချိန်ကိုစနစ်တကျ ကြိုတင်တွက်ချက်သွားလာကြရန် ညွှန်ကြားထားကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/2110

## တာချီလိတ်-မယ်ဆိုင် ပုံမှန်ကုန်သွယ်ရေးပြန်ဖြစ်ရန် ထိုင်းနိုင်ငံက ပြန်လည်ညှိနှိုင်း



ကိုဗစ်ရောဂါအရှိန် မြင့်တက်လာမှုကို အကြောင်းပြကာ တာချီလိတ်-မယ်ဆိုင်ကုန်သွယ်ရေးကို အကန့်အသတ် စတင်လုပ်ဆောင်ခဲ့သော ထိုင်းနိုင်ငံက ယခုအခါ ပုံမှန်ကုန်သွယ်ရေး ပြန်လည်လုပ်ဆောင်နိုင်ရန် လာရောက်ညှိနှိုင်းနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံမှ သိရသည်။

စက်တင်ဘာ ၁၅ ရက်နေ့က စတင်ပြီး နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် ကုန်တင်ယာဉ်ဝင်ထွက်ခွင့်များနှင့်ပတ်သက်၍ ထိုင်းနိုင်ငံက ၎င်းတို့ဘက် သို့ မြန်မာနိုင်ငံလိုင်စင်ဖြင့် မော်တော်ယာဉ် ၆ စီးသာ ဝင်ရောက်ခွင့်ပြုမည်ဟု နှစ်နိုင်ငံ သဘောတူညီမှုမရှိသေးဘဲ တဖက်သတ်ကန့်သတ်လိုက်ခြင်းကြောင့် မြန်မာနိုင်ငံဘက်ကလည်း ထိုင်းမော်တော်ယာဉ် ၆ စီးကိုသာ ပေးဝင်မည်ဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

ယင်းအခြေအနေများကြောင့် စက်တင်ဘာ ၁၅ ရက်နေ့မှ ယနေ့ (စက်တင်ဘာ ၂၃) အထိ နှစ်နိုင်ငံကုန်သွယ်ရေးတွင် ကြန့်ကြာမှုများဖြစ်ပေါ်နေပြီး ကုန်တင်ယာဉ်များသာသွားလာခွင့်ပြုသည့် မယ်ဆိုင်- တာချီလိတ် အမှတ် ၂ တံတား တွင် ထိုင်းနိုင်ငံမှ မြန်မာသို့ တင်ပို့မည့် စက်သုံးဆီတင် မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်အများအပြား ပိတ်ဆို့လျက်ရှိနေသည်။ တာချီလိတ် နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံဦးစိန်ဝင်းက " အခုကတော့ ထိုင်းနိုင်ငံဘက်က ပြန်လည်ညှိနှိုင်းမှုတွေ ပြန်လုပ်လာနေပါတယ်။ အခုချိန်က မြန်မာဘက်က ထိုင်းဘက်ကိုသွားတာက နည်းနည်းပဲရှိတော့တာ ထိုင်းကလာတဲ့ ကုန်တွေကပိုများတယ်" ဟု ရောဝတီသို့ပြောသည်။

၎င်းက ဆက်လက်၍ " နယ်စပ်ကုန်သွယ်ရေး ဒီလိုဖြစ်သွားတော့ နှစ်နိုင်ငံစလုံး ထိခိုက်မှုတွေတော့ရှိတာပဲ။ ဒါပေမယ့် ထိုင်းနိုင်ငံဘက်က ပမာဏပိုများတော့ သူတို့ဘက်က ကုန်သည်တွေ ပိုပြီး အထိနာတာပေါ့" ဟုဆိုသည်။ တာချီလိတ်-မယ်ဆိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှတဆင့် ထိုင်းနိုင်ငံမှမြန်မာနိုင်ငံသို့ ကုန်စည်တင်ပို့မှုသည် ၁ ရက်လျှင် အမေရိကန်ဒေါ်လာ ၁၂၀၀၀၀

မှ ၁၅၀၀၀၀ အထိရှိပြီး စက်သုံးဆီ၊ စားသောက်ကုန်၊ လုပ်ငန်းသုံးကုန်ပစ္စည်းတချို့ကို အဓိကတင်ပို့လျက်ရှိသည်။ လတ်တလော တွင် နယ်စပ်ကုန်သွယ်ရေး၌ ယာဉ်မောင်းလဲလှယ်သည့်စနစ်နှင့် ကုန်တင်မော်တော်ယာဉ် ၆ စီးဖြင့်သာ အလဲအလှယ် လုပ်ဆောင်ပြီး ကုန်သွယ်နေရခြင်းကြောင့် ကုန်သွယ်မှုပမာဏမှာ သိသိသာသာကျဆင်းလျက်ရှိကြောင်း တာချီလိတ်-မယ်ဆိုင် နယ်စပ်ကုန်သွယ်ရေးစခန်းထံမှသိရသည်။ ယင်းသို့ နယ်စပ်ကုန်သွယ်ရေး ကြန့်ကြာသွားခြင်းကြောင့် ထိုင်းကုန်သည်အများစုက ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ အုပ်ချုပ်ရေးမှူးကို ဖိအားပေးတောင်းဆိုမှုများ လုပ်ဆောင်လျက်ရှိကြောင်း တာချီလိတ်ဒေသခံ ၁ ဦးက ဧရာဝတီသို့ပြောသည်။ ၎င်းက “ မြန်မာဘက်က လူညီတာရော အခုက ပြောင်းပို့တဲ့ရာသီလည်းမဟုတ်တော့ ဘာမှမပို့ဘဲ အကုန် ရပ်ထားကြတယ်။ ထိုင်းကုန်သည်တွေက တော်တော်အထိနာကြတော့ အဲဒီအုပ်ချုပ်ရေးမှူးအိမ်ရှေ့မှာ ဆီဘောက်ဆာ ကားတွေကို သွားရပ်ထားကြတာ” ဟုဆိုသည်။

လက်ရှိအချိန်တွင် ရှမ်းပြည်နယ်အစိုးရက တာချီလိတ်မြို့တွင် စက်သုံးဆီပြတ်လတ်မှုမရှိစေရေးနှင့် ကုန်စည်များ ဈေးတက် မြင့်တက်မှုမရှိစေရန် အခြားမြို့မှတဆင့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ ယင်းအပြင် ထိုင်းဘက်သို့ဝင်ရောက်မည့် မြန်မာမော်တော်ယာဉ်များအနေဖြင့် ထိုင်းနိုင်ငံတွင် မှတ်ပုံတင်ထားရသော်လည်း မြန်မာဘက်သို့ဝင်ရောက်မည့် ထိုင်းမော်တော် ယာဉ်များမှာ မြန်မာဘက်တွင် မှတ်ပုံတင်ရသည့် လုပ်ငန်းစဉ်မရှိသေးသည့်အတွက် ထိုအစီအစဉ်ကိုလည်း အကောင်အထည် ဖော်ရန် စီစဉ်နေပြီဖြစ်သည်။ ဦးစိန်ဝင်းက “ပြည်နယ်အစိုးရက အခုက စက်သုံးဆီကား ၁၁ စီး တက်လာနေပြီ။ ဒီနေ့ဆိုရင် ၄ စီးလောက်ရောက်လာတယ်။ အခု ထိုင်းဘက်နဲ့ ညှိနှိုင်းနေပြီဆိုတော့ ရက်သိပ်မကြာခင် ပြန်အဆင်ပြေသွားမှာပါ” ဟုပြောသည်။ လက်ရှိအချိန်တွင် ထိုင်းနိုင်ငံဘက်က လာရောက်ဆွေးနွေးညှိနှိုင်းမှုများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေသလို မိမိတို့ဘက်မှလည်း ပြန်လည်ဆွေးနွေးညှိနှိုင်းမည့်ကိစ္စများကိုလည်း ပြင်ဆင်လျက်ရှိကြောင်း တာချီလိတ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောကလည်း ဧရာဝတီသို့ပြောသည်။ ၎င်းက “ လတ်တလော ဒီလောက်ပဲပြောလို့ရမယ် ကျန်တာတွေ ကတော့ ကျနော်တို့ ဆွေးနွေးပြီးမှ ဆက်ပြောနိုင်ပါမယ်” ဟုဆိုသည်။ အဆိုပါ တာချီလိတ်-မယ်ဆိုင် နယ်စပ်ကုန်သွယ်ရေး အကန့်အသတ်များ ပြန်လည်ဖြေရှင်းရန် နှစ်နိုင်ငံ ဆွေးနွေးမှုကို စက်တင်ဘာ ၂၅ ရက်နေ့တွင် လုပ်ဆောင်မည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိသော်လည်း အတည်ပြု မရသေးပါ။

တာချီလိတ်-မယ်ဆိုင်အကြား ပုံမှန်အချိန်ကာလတွင် ကုန်စည်ယာဉ်များဖြတ်သန်းမှုမှာ နေ့စဉ်အစီးရေ ၂၀၀ ခန့်ရှိပြီး ယခုတွင် ကုန်စည်ယာဉ်ဖြတ်သန်းမှုသည် အစီးရေ ၅၀ ခန့်သာရှိတော့ကြောင်းသိရသည်။ မြန်မာနိုင်ငံအတွင်း COVID-19 ကပ်ရောဂါကူးစက်မှု ဒုတိယလှိုင်းအနေဖြင့် မြင့်တက်လျက်ရှိသည့်အခြေအနေတွင် ထိုင်းနိုင်ငံဘက်မှ မြန်မာနှင့်နယ်စပ် တလျှောက် လုံခြုံရေးများတိုးမြှင့်ထားပြီး တာချီလိတ်-မယ်ဆိုင် ချစ်ကြည်ရေးတံတားတွင်လည်း ကုန်စည်ယာဉ်များမှလွဲ၍ ဖြတ်သန်းခွင့်အား မတ်လကုန်ခန့်ကတည်းက နှစ်ဖက်သဘောတူညီချက်ဖြင့် ရပ်ဆိုင်းထားသည်။

ထိုင်း-မြန်မာ နယ်စပ်တခုဖြစ်သော ကရင်ပြည်နယ် ဘုရားသုံးဆူဂိတ်အနီး မြန်မာဘက်အခြမ်းတွင် ကိုဗစ်လူနာတွေ့ရှိခဲ့ တာကြောင့် ထိုင်းနိုင်ငံဘက်က လူအဝင်အထွက်အပါအဝင် စီးပွားရေးလုပ်ငန်းများနှင့် ကုန်တင်သွင်းမှုကိုပါ အောက်တိုဘာ ၅ ရက်နေ့အထိ ပိတ်လိုက်ကြောင်း စက်တင်ဘာလ ၂၂ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

**Source:** https://burma.irrawaddy.com/business/2020/09/23/230395.html

## ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်တင်ပို့မှု ယခင်ဘဏ္ဍာနှစ်ထက်ပိုမို



COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကာလဖြစ်သော်လည်း ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်တင်ပို့မှုတွင် ယခင်ဘဏ္ဍာနှစ်ထက် ပိုမိုတင်ပို့ထားနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောဆိုချက်အရ သိရသည်။ ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၄ ရက်အထိ စာရင်းများအရ ပြည်ပသို့ ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်း ပိုမိုတင်ပို့နိုင်ခဲ့ပြီး ရော်ဘာစိမ်းတင်ပို့မှု တိုးတက်ခဲ့သော်လည်း

ဈေးကျဆင်းမှုကြောင့် ငွေကြေးရရှိမှုလျော့နည်းခဲ့ကြောင်း၊ ထို့ပြင် ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၅ သိန်းကျော်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၇၆၀ ကျော်ရရှိထားပြီး ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၂၂ သိန်းခန့်တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၆၆၀ ကျော်သာရရှိခဲ့ကြောင်းသိရသည်။

အလားတူ ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁၅ သိန်းငါးသောင်း ကျော်တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၁၁၀၀ ကျော်၊ ယခင်ဘဏ္ဍာနှစ်က တန်ချိန် ၁၅ သိန်းကျော်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၉၄၀ ကျော်ရရှိခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပြောင်းတန် ချိန် ၂၂ သိန်းကျော်တင်ပို့မှုမှ အမေရိကန် ဒေါ်လာ သန်း ၃၆၀ ကျော်၊ ယခင်ဘဏ္ဍာ နှစ်က တန်ချိန် ၁၄ သိန်းကျော်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၂၆၀ ကျော်ရရှိခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ နှမ်းတန်ချိန် ၁၅၀၀၀၀ ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၂၄၀ ကျော်၊ ယခင်ဘဏ္ဍာနှစ်က တန်ချိန် တစ်သိန်းကျော်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၆၀ ကျော်ရရှိခဲ့ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်လည်း ကမ္ဘာ့နိုင်ငံများအနေဖြင့် ၎င်းင်းတို့နိုင်ငံအတွက် စားနပ်ရိက္ခာဖူလုံရေး အရန်ဆန်နှင့် ပဲမျိုးစုံကို ပြည်ပနိုင်ငံများမှ မှာယူဖြည့်တင်းကြမည်ဖြစ်၍ မြန်မာနိုင်ငံ၏ ပြည်တွင်းစားသုံးမှုနှင့် ပိုလျှံမှုအပေါ် တွက်ချက်ကာ ပိုမိုချိတ်ဆက်တင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/2136

## လက်ရှိအစိုးရသက်တမ်းလေးနှစ်ခွဲအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၂၄ ဘီလီယံကျော်ဝင်ရောက်ထား



လက်ရှိ အစိုးရသက်တမ်း လေးနှစ်ခွဲအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၂၄ ဒသမ ၇ ဘီလီယံဖိုး ဝင်ရောက်ထားသည်ဟု ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သောစာရင်းများတွင် ဖော်ပြထားသည်။ ထိုပမာဏသည် ၂၀၁၆ ဧပြီ ၁ ရက်မှ ၂၀၂၀ ဩဂုတ်လကုန်အထိဖြစ်ပြီး ထိုပမာဏအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၀၀၀ ကျော်ဝင်ရောက်ခဲ့သည်ဟု ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ယခင်အစိုးရလက်ထက် ၂၀၁၁ ဧပြီ ၁ ရက်မှ ၂၀၁၆ မတ် ၃၁ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၂၇ ဘီလီယံခွဲခန့်ဝင်ရောက်ခဲ့သည်။ သို့သော် ဒီချုပ်အစိုးရလက်ထက်သက်တမ်းအတွင်း သယံဇာတနှင့်သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရေး လုပ်ငန်းများကို ခွင့်ပြုပေးခဲ့ခြင်းမရှိပေ။ ဦးသိန်းစိန် အစိုးရလက်ထက်တွင် သတ္တုတူးဖော်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများတွင် အများဆုံးဖြစ်ပြီး ဒေါ်လာ ကိုးဘီလီယံဖိုး ခန့်ဝင်ရောက်ခဲ့သည်။

လက်ရှိအစိုးရသက်တမ်းအတွင်း အများဆုံးခွင့်ပြုပေးသည့်လုပ်ငန်းများမှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍဖြစ်ပြီး ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံကျော်ဝင်ရောက်ထားကာ စုစုပေါင်းလုပ်ငန်း၂၉ခုကိုခွင့်ပြုပေးခဲ့သည်။ ဒုတိယအများဆုံးခွင့်ပြုပေးခဲ့သည့်လုပ်ငန်းမှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းဖြစ်ပြီး လုပ်ငန်း ၇၀၀ ခန့်မှဒေါ်လာ ၅ ဒသမ ၉ ဘီလီယံဝင်ရောက်ထားသည်။ ထို့နောက် အိမ်ရာဆောက်လုပ်ရေးသည် ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံခန့်ဖြင့် အစဉ်လိုက်ရှိနေသည်။ ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန်တွင် လုပ်ငန်းပေါင်း ၅၉ ခုက ဒေါ်လာ ၁ ဒသမ ၃၆ ဘီလီယံဖိုးဝင် ရောက်ထားသည်။ဦးသိန်းစိန်အစိုးရ လက်ထက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် စင်ကာပူနိုင်ငံမှဒေါ်လာ ၁၁ ဘီလီယံဝင်ရောက်ပြီး တရုတ်နိုင်ငံမှ ၈ ဒသမ ၃ ဘီလီယံဖိုးဝင်ရောက်ထားသည်။ လက်ရှိအစိုးရလက်ထက်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် စင်ကာပူနိုင်ငံမှဒေါ်လာ ၁၀ ဒသမ ၆ ဘီလီယံနှင့် တရုတ်နိုင်ငံမှ ၆ ဒသမ ၄ ဘီလီယံဖိုးဝင်ရောက်ခဲ့သည်။

**Source:** https://7day.news/detail?id=199961

## ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်၍ တင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိ



ပြည်တွင်း၌ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများကို တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်၍ ပြည်ပဈေးကွက်ရှာဖွေနိုင်ရန် ကုန်သွယ်ဖက်နိုင်ငံများရှိ စီးပွားရေးသံမှုးများက ဈေးကွက်ချိတ်ဆက်ပေးနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေး မှုးချုပ် ဦးမင်းမင်းက “သက်ဆိုင်ရာနိုင်ငံတွေအလိုက် စီးပွားရေး သံမှုးတွေက သတင်းအချက်အလက်၊ ဈေးကွက်ဝယ်လိုအားနဲ့ ချိတ်ဆက်မှုတွေကို ကျွန်တော်တို့ဝန်ကြီးဌာနကိုတင်ပြပြီး ချိတ်ဆက်ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်” ဟု ဆင်ဟွာသို့ စက်တင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ပြည်ပဈေးကွက်တွင် ချိတ်ဆက်ရှာဖွေမှုများပြုလုပ်ပေးနိုင်ရန် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အမေရိကန်နိုင်ငံနှင့်ဘယ်လ်ဂျီယံနိုင်ငံတို့၌ စီးပွားရေးသံမှုးများ ခန့်အပ်ထားကြောင်းသိရသည်။ လက်ရှိတွင် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ သစ်သီးဝလံတန်ဖိုးမြှင့် ထုတ်ကုန်စက်ရုံများသို့ ပို့ဆောင်ကာ သရက်သီး၊ ခရမ်းချဉ်သီးနှင့် တခြားသီးနှံများကို အေးခဲခြင်း၊ အခြောက်ခံခြင်း၊ နာနတ်သီး ခြောက် စည်သွတ်ဘူးပြုလုပ်ခြင်းနှင့် လက်ဖက်တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်းများရှိလာကြောင်းသိရသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပနိုင်ငံများသို့ တင်ပို့ခွင့်ရရှိနေသည့် မြန်မာ့လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်ခိုင်မာရေးနှင့် ပိုမိုတိုးတက်တင်ပို့နိုင်ရေးအတွက် နိုင်ငံတကာရှိ မြန်မာသံရုံးများ၌ စီးပွားရေးသံမှုးများထားရှိကာ စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/business/local/29626-2020-09-23-09-11-39?fbclid=IwAR1_ 9iAqeKr1yS234bFavphldIkLaDMw8jIVmAIPX8KHKJu159FGpmP6pa0

## ခရီးသည်တင်ယာဉ်များ ကုန်စည်ပို့ဆောင်နေသဖြင့် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ထိခိုက်နေဟုဆို



ခရီးသည်တင်ဆောင်ကာ ပြေးဆွဲခွင့် မရတော့သည့် အဝေးပြေး ခရီးသည်တင်ယာဉ်များက ကုန်စည်များကို တင်ဆောင်ပြေးဆွဲ နေသဖြင့် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ထိခိုက်မှု ရှိနေကြောင်း မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကြင်သိန်းကပြောသည်။ တစ်ကျော့ပြန် ကိုဗစ်-၁၉ ကူးစက်မှုပြန်လည်မြင့်မားလာချိန်တွင် ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန် တိုင်းနှင့်ပြည်နယ်အသီးသီးက ခရီးသွားများ ကန့်သတ်လိုက်သည့်အတွက် ခရီးသည်တင်ယာဉ်များက ကုန်စည်များတင်ဆောင်ကာ သယ်ယူပို့ဆောင် လာကြခြင်းဖြစ်သည်။ “သူတို့ (ခရီးသည်တင်ယာဉ်)က ခရီးသည်နဲ့ခရီးသည်မှာပါတဲ့ ခရီးဆောင်အိတ်တို့၊ လက်ဆောင် ပစ္စည်းတို့ ဒါလောက်ပဲတင်ခွင့်ရတယ်။ အခုက ကြက်သွန်တို့၊ အာလူး၊ ဆန်တို့လို ကုန်စည်သီးသန့်တွေ တင်လာကြတယ်။ ဒီကာလတွေမှာ ကုန်စည် သယ်ဆောင်ရေးလုပ်ငန်း အဆင်မပြေဖြစ်နေတဲ့ကြားကတိုင်းနဲ့ ပြည်နယ် ၁၄ ခုလုံးမှာ ဒါမျိုးတွေဖြစ်လာပြီး ကုန်စည်လုပ်ငန်းကို ခွဲဝေယူကြမယ်ဆိုရင် ကုန်စည်စီးဆင်းမှု လုပ်ငန်းပျက်စီးသွားလိမ့်မယ်။ ပြည်သူ့ အစိုးရဖြစ်တဲ့အတွက် မျှမျှတတပဲဖြစ်သင့်တယ်။ အခွင့်ထူးခံဆိုတာတွေမရှိသင့်ဘူး။ အဲဒါတွေကို စိစစ်ပေးစေချင်ပါတယ်။

ဒီလိုရောဂါတွေ ပြင်းထန်နေတဲ့ အချိန်မှာလည်း အစိုးရဆီက တောင်းဆိုတာမျိုးမလုပ်ချင်ပါဘူး။ ဒါပေမယ့် ကုန်စည်စီးဆင်းတဲ့လုပ်ငန်း ရေရှည်ရပ်တည်နိုင်ဖို့ကိုယ့်လုပ်ငန်းရဲ့ ချမှတ်ထားတဲ့ စည်းကမ်းအပေါ် လိုက်နာဖို့ ကြပ်မတ်ပေးစေ

ချင်ပါတယ်” ဟု ဦးကြင်သိန်းကပြောသည်။ ယခုကဲ့သို့ စည်းကမ်းချက်များနှင့်မညီသည့် ကုန်စည်လုပ်ငန်းများ ခွဲဝေသယ်ယူပို့ဆောင်နေမည်ဆိုပါက ကုန်စည်စီးဆင်းမှုလုပ်ငန်းများ ရေရှည်ရပ်တည်ရန် အခက်အခဲများ ဖြစ်ပေါ်နိုင်သောကြောင့် အမြန်ဆုံးစိစစ်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း ၎င်းက ပြောသည်။ အဝေးပြေး ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများမှာ ချမှတ်ထားသည့် စည်းကမ်းနှင့် သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်းသာ သွားလာနေကြခြင်းဖြစ်ကြောင်း၊ ခရီးသည်တင်ယာဉ်များမှာ အမြန်လမ်းက သွားလာခွင့်ရရှိထားပြီး ကုန်စည်တင်ဆောင် ပြေးဆွဲနေကြသည့်အတွက် ကြာမြင့်ချိန်ကွာခြားသဖြင့် ခရီးသည်တင်ယာဉ်များက ပိုမိုအသာရသလိုဖြစ်နေကြောင်း ကုန်တင်ကားမောင်းနှင်သူများကပြောသည်။ “ပုံမှန်တိုင်းဆိုရင် လူစီးယာဉ်က ကုန်တင်လို့မရဘူး။ သူတင်ရင်လည်း ခရီးသည်တွေရဲ့ပစ္စည်းအသုံးအဆောင်ပဲရမယ်။ အဲဒီလိုသာ ခရီးသည်ယာဉ်တွေ ကုန်တင်နေမယ်ဆိုရင် ကျွန်တော်တို့ကုန်တင်သမားတွေအတွက် အများကြီးနစ်နာတယ်။ ဘာကြောင့်လဲဆိုတော့ ပုံမှန်အခြေအနေအရ အလုပ်မရှိတဲ့ ကုန်ကားတွေရှိတယ်။ အခုအဲဒီလို လုပ်မယ်ဆိုရင် တကယ်ပုံမှန်လုပ်နေတဲ့သူတွေအတွက် အများကြီးထိခိုက်တယ်။ မလုပ်သင့်ဘူး။ကုန်ကားတွေအတွက် ဘာလုပ်စားရမလဲ။ အဲဒီတော့ ဒီကိစ္စက အရေးယူသင့်တဲ့အဆင့် မဟုတ်ပေမယ့် တားမြစ်လိုက်ရင်ရပါတယ်”ဟု ရန်ကုန်မြို့တွင်းနှင့် နယ်ဝေးကုန်တင်ကားမောင်းသူ ကိုလတ်ကပြောသည်။

**Source:** https://www.thefarmermedia.com/news/15621

## လက်ရှိဘဏ္ဍာနှစ် ကုန်သွယ်မှုလိုငွေ ပြီးခဲ့သည့်နှစ်ထက်မြင့်တက်

လက်ရှိဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့်ရှိသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၂ ရက်တွင် ထုတ်ပြန်သော ကုန်သွယ်မှုဆိုင်ရာအချက်အလက်များတွင် ဖော်ပြခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဩဂုတ် ၂၁ ) အထိ အချက်အလက်များအရပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံကျော်နှင့် သွင်းကုန်တန်ဖိုးကန်ဒေါ်လာ ၁၇ ဘီလီယံကျော် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံခန့်ရှိကာ ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၁ သဿမ ၅ ဘီလီယံကျော်ရှိသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်တစ်နှစ်လုံးတွင် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၁၇ ဘီလီယံကျော်နှင့် သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁၈ ဘီလီယံ၊ စုစုပေါင်းကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၃၅ ဘီလီယံခန့်ရှိခဲ့ကာ ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၁ ဘီလီယံကျော်ရှိခဲ့သည်။ လက်ရှိဘဏ္ဍာနှစ် ကုန်သွယ်မှုလိုငွေသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ်တစ်နှစ်လုံးနှင့် နှိုင်းယှဉ်ပါက ပိုမိုများပြားလာခဲ့သည်။

လက်ရှိဘဏ္ဍာနှစ်အတွင်း ပို့ကုန်ကဏ္ဍတွင် လယ်ယာထွက်ကုန်ပစ္စည်း၊ရေထွက်ပစ္စည်း၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ အခြားကုန်ပစ္စည်း အုပ်စုတင်ပို့မှုတို့မှ ပို့ကုန်ရငွေသည် ယခင်ဘဏ္ဍာနှစ်ထက် ပိုမိုခဲ့သည်။ သို့သော် တိရိစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုနှင့်စက်မှုကုန်ချောပစ္စည်းတင်ပို့မှုတို့မှရငွေသည် များစွာလျော့နည်းကျဆင်းခဲ့သည်။

သွင်းကုန်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းတင်သွင်းမှုသည် ယခင်ဘဏ္ဍာနှစ်ထက် များစွာမြင့်တက်ခဲ့ပြီး လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်း တင်သွင်းမှုတို့မှာ လျော့နည်းခဲ့သည်။ကိုဗစ်သက်ရောက်မှုကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အထူးသဖြင့်အထည်ချုပ်လုပ်ငန်းများသည် ထိခိုက်ခဲ့ကြသည်။ အခြားကုန်ထုတ်လုပ်ရေးလုပ်ငန်းများသည်လည်း ဧပြီအလွန်တွင် လုပ်ငန်းများ ပြန်လည်လည်ပတ်ခဲ့သော်လည်း ပြည်ပဈေးကွက် ဝယ်လိုအားအားနည်းမှုကို ရင်ဆိုင်နေရသည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်က သုံးသပ်ထားသည်။

Source: https://myanmar.mmtimes.com/news/144022.html

## ရွှေလီမြို့ lockdown ဖြေလျှော့ပြီးနောက် တရုတ်သို့ ဖရဲတင်ပို့မှု ဆက်လက်ဈေးကောင်းရ

ကိုဗစ် -၁၉ ရောဂါပိုးရှိသူ တွေ့ရှိရသဖြင့် တရုတ်အာဏာပိုင်များက lockdown ချထားခဲ့သော ရွှေလီမြို့ကို ဖြေလျှော့မှုပြန်ပေး၍ ပုံမှန်ဝင်ထွက်သွားလာခွင့် ရရှိပြီးနောက်တွင် မြန်မာမှတရုတ်သို့တင်ပို့သည့် ဖရဲဈေးများမှာ အမြင့်ဈေးဖြင့် ဈေးကောင်းဆက်လက်ရရှိနေကြောင်း မြန်မာနိုင်ငံ ဖရဲသခွားမွေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးနိုင်ဝင်းက

ပြောသည်။ ရွှေလီမြို့တွင် ကိုဗစ် -၁၉ ရောဂါကူးစက်ခံရသူ သုံးဦးတွေ့ရသဖြင့် စက်တင်ဘာ ၁၄ ရက်မှစတင်ကာ မြို့ကို ရက်သတ္တပတ် တစ်ပတ်ခန့် ပိတ်ထားခဲ့ပြီးနောက်တွင် အခြေအနေတည်ငြိမ်သဖြင့် lockdown ဖြေလျှော့မှု ပေးခဲ့ခြင်းဖြစ်ကာ၊ လက်ရှိတွင် အဆိုပါကာလမတိုင်မီကဲ့သို့ ဖရဲတင်ပို့မှု ကားစီးရေ မများသေးသော်လည်း ဈေးနှုန်းမှာ ကောင်းနေဆဲဖြစ်ကြောင်း ဦးနိုင်ဝင်းက ပြောသည်။ "ရွှေလီမှာ လော့ဒေါင်းချတုန်းကရက်ပဲ ဖရဲပို့တာ ခဏရပ်သွားပြီး အခုပုံမှန်ပြန်ပို့နေပါတယ်။ ပုံမှန်ပြန်ပြီး သွားနေ ရောင်းနေပါပြီ။ ကားစီးရေကတော့ ပုံမှန်ပြန် မတက်နိုင်သေးပါဘူး။ ဈေးနှုန်းက ဝယ်လိုအားနဲ့ ရောင်းလိုအားနှစ်ခုမှာ ဝယ်လိုအားက များပြီး ရောင်းလိုအားကနည်းတဲ့အတွက် ဈေးကတော့ ကောင်းတုန်းပါပဲ။ ဒါပေမယ့် ဝယ်လိုအားကများပြီး ရောင်းလိုအားနည်းရင် ဈေးက ဆက်ကောင်းဦးမှာပါ။ လောလောဆယ် တစ်တန်ကို တရုတ်ယွမ် ၂,၅၀၀ ကနေ ၃,၀၀၀ အတွင်း ရောင်းနေပါတယ်"ဟု ဦးနိုင်ဝင်းကပြောသည်။

ယမန်နှစ်က ဖရဲပို့ကုန် ရာသီအစ ယခုကဲ့သို့အချိန်တွင် ဖရဲတစ်တန်လျှင် ယွမ် ၁၅၀၀ ခန့်သာ ရရှိကြောင်း၊ ယမန်နှစ်က ကိုဗစ်ဂယက်ကြောင့် ဖရဲစိုက်ပျိုးတင်ပို့သူများ ဆုံးရှုံးမှုကြီးမားခဲ့ရာ ယခုနှစ်တွင် ဖရဲစိုက်ပျိုးသူ များစွာနည်းပါးနိုင်ကြောင်း၊ စိုက်ပျိုးမှုနည်းပါးသည့်အပြင် ရာသီဥတု မကောင်းသဖြင့် အသီးအောင်မြင်မှု နည်းပါးနိုင်ရာ ယခုရာသီတွင် ဖရဲတင်ပို့သော ကားစီးရေ များစွာမရှိနိုင်ကြောင်း ပြောသည်။ "lockdown မချခင်တုန်းကတော့ မူဆယ်ကို အများဆုံး ဖရဲကားအစီး ၄၀ လောက်အထိ ဝင်တယ်။ ဒီနှစ်က အများကြီးမဝင်ဘူး။ အစီး ၁၀၀၊ ၂၀၀ တို့မဝင်ဘူး။ အရင်က ဒီလိုဈေးကောင်းလာပြီဆိုရင် ဒီအချိန်မှာ အစီး ၃၀၀ လောက်အထိ ဝင်တယ်လေ။ အသီးတွေလည်း ထွက်တာများတယ်။ အခုက သိပ်မထွက်နိုင်ဘူး၊ စိုက်တဲ့ဒေသတွေက နည်းနေတယ်။ ကိုဗစ်ကြောင့် မတော်တဆ ပိတ်သွားရင် ဘယ်ထွက်ပေါက်က ထွက်မလဲဆိုပြီး စိုးရိမ်တဲ့သူတွေ က သိပ်မစိုက်ရဲဘူး။ ပြည်တွင်းက ဒီလောက်ဖြုန်းအားမရှိဘူး။ တရုတ်ပြည်က ဖြုန်းအားရှိလို့ ထွက်ပေါက်လေးရှိလို့ တော်သေးတာပေါ့။ ပိတ်သွားရင်တော့ စိုးရိမ်စရာလေ။ ဒီတော့ လူတိုင်းက စွန့်စားပြီး တအားမစိုက်ရဲတော့ ဒီနှစ်က အစိုက်နည်းမယ်ထင်ပါတယ်။ အစိုက်နည်းရင်တော့ ဈေးက ကောင်းနေပါလိမ့်မယ်"ဟု ဦးနိုင်ဝင်းက ပြောသည်။

ယမန်နှစ် ပို့ကုန်ရာသီက သခွားမွေးထက် ဖရဲမှာ ဆုံးရှုံးမှုပိုမိုခဲ့ကာ နှစ်ပေါင်း ၂၀ ကျော်အတွင်း အဆိုးရွားဆုံးသော အခြေအနေကို ကြုံတွေ့ခဲ့ရသည်။ ၂၀၂၀ ဇန်နဝါရီနောက်ပိုင်းတွင် အရှိန်အဟုန်ဖြင့် တင်ပို့ရမည့်ကာလ၌ ဆုံးရှုံးမှုများပြားခဲ့ကာ ဒေါ်လာသန်းချီ နစ်နာခဲ့ကြရပြီး ကားအစီးလိုက် ဝယ်လက်ပျောက်သောအဖြစ်များကြုံခဲ့ကြရသည်။ ထို့ကြောင့် ပြည်တွင်း ဖရဲသခွားစိုက်ပျိုးသူများကို အထိုက်အလျောက်ဆုံးရှုံးမှု သက်သာစေရန်အတွက် ရန်ကုန်တွင် ဖရဲ၊ သခွားမွေးဈေးရောင်းပွဲများ စီစဉ်ကျင်းပခဲ့ရသည်။ "လာမယ့် နိုဝင်ဘာ၊ ဒီဇင်ဘာလကနေ လာမယ့်နှစ် ဧပြီလလောက်အထိ တင်ပို့တဲ့ ကားစီးရေမများဘူးဆို ရင်တော့ ဈေးကထပ်တက်ဦးမှာ။ ရောင်းလိုအားနည်းပြီး ဝယ်လိုအားများလာရင် ဒီထက်ဈေး ပိုတက်ပါလိမ့်မယ်။ အဓိက ကိုဗစ်ကြောင့် လုံးဝမပိတ်ဖို့ပဲ ဆုတောင်းရမှာပဲ။ စိုက်ပျိုးသူရော၊ ကုန်သည်ရော သတင်းအချက်အလက်ကိုနားစွင့်ပါ။ သက်ဆိုင်တဲ့ ပွဲရုံပွဲစားတွေကို မေးမြန်းစုံစမ်းပြီးမှ စိုက်ပျိုးသင့်တယ်၊ တရုတ်ပြည်ကို ရောင်းသင့်တယ်လို့ အကြံပြုလိုပါတယ်"ဟု ဦးနိုင်ဝင်းက ပြောသည်။

**Source:** https://myanmar.mmtimes.com/news/144032.html

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၃ ရက်အတွင်း ကန်ဒေါ်လာ ၈ ဒသမ ၉ သန်း နိုင်ငံခြားငွေဈေးပြိုင်လေလံစနစ်ဖြင့်ဝယ်ယူ



မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် စက်တင်ဘာ ၂၁ ရက် မှ စက်တင်ဘာ ၂၃ ရက် အထိ ၃ရက်အတွင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ သန်းကို နိုင်ငံခြား ငွေဈေးပြိုင်လေလံစနစ်ဖြင့် ဝယ်ယူခဲ့ကြောင်းသိရသည်။

ကမ္ဘောဇဘဏ် အကြီးတန်းအကြံပေး ဦးသန်းလွင်က “ဗဟိုဘဏ်က အခုလို ဒေါ်လာကို နေ့တိုင်းဆက်တိုက် ဝယ်တာမျိုးကရှားတယ်။ အခုလိုဗဟိုဘဏ်က ၃ ရက် ဆက်တိုက် ဝယ်တာတောင်မှ အမေရိကန်ဒေါ်လာက ဈေးကျနေတုန်းပဲ။ ဗဟိုဘဏ် ဝယ်ယူမှုမရှိရင် ဒေါ်လာဈေးကတော်တော်ပြုတ်ကျသွားနိုင်တယ်’’ ဟု ပြောကြားသည်။

ထိုသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၃ ရက်ဆက်တိုက် အမေရိကန်ဒေါ်လာ ဝယ်ယူခဲ့သော်လည်း စက်တင်ဘာ ၁၈ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁,၃၃၄ကျပ်ပေါက်ဈေး ရှိပြီး ယနေ့ စက်တင်ဘာ ၂၃ ရက် တွင် အမေရိကန်တစ်ဒေါ်လာ ၁,၃၂၇ ကျပ်အထိ ၇ ကျပ်မျှ ဈေးကျခဲ့ကြောင်းသိရသည်။ စက်တင်ဘာ ၂၁ ရက်တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် နိုင်ငံခြားငွေဈေးပြိုင်လေလံစနစ်ဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်း ကို လေလံပျမ်းမျှငွေလဲလှယ်နှုန်း ၁၃၂၂ ကျပ်ဖြင့် ဝယ်ယူခဲ့ပြီး စက်တင်ဘာ ၂၂ ရက်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ သန်း ကို လေလံပျမ်းမျှငွေလဲလှယ်နှုန်း ၁၃၁၇ ဒသမ ၉ ကျပ်ဖြင့်ဝယ်ယူခဲ့ကြောင်းသိရသည်။ စက်တင်ဘာ ၂၃ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားငွေဈေးပြိုင် လေလံစနစ်ဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈သန်းကို လေလံပျမ်းမျှငွေလဲလှယ်နှုန်း ၁၃၁၄ ဒသမ ၅ ကျပ်ဖြင့်ဆက်လက် ဝယ်ယူခဲ့ကြောင်းလည်းသိရသည်။

**Source:** https://xinhuamyanmar.com/business/local/29630-2020-09-23-11-04-19

## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇၂၇ သန်းရှိ လုပ်ငန်း (၆)ခုကို ရင်းနှီးမြှုပ်နှံရန်ခွင့်ပြု



ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၅/၂၀၂၀) ကြိမ်မြောက် အစည်းအဝေး၌ အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၇၂၇ သန်းရှိ လုပ်ငန်း (၆)ခုကို ရင်းနှီးမြှုပ်နှံရန်ခွင့်ပြုခဲ့ကြောင်း အဆိုပါကော်မတီထံမှသိရသည်။ အဆိုပါ ရန်ကုန်တိုင်း ဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၅/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ (စက်တင်ဘာလ ၂၃ ရက်)နံနက် ၁၀ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

စက်မှုကဏ္ဍအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း(၆)ခုကို အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ ယင်းအတည်ပြုပေးခဲ့သည့် လုပ်ငန်းများသည် LED နှင့် Lighting accessories ထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အိတ်၊ အဝတ်အထည်အမျိုးမျိုးထုတ်လုပ်ခြင်း လုပ်ငန်းတို့ ဖြစ်ကြောင်းသိရသည်။ အဆိုပါ အတည်ပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏ စုစုပေါင်းမှာ အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၇၂၇ သန်း ဖြစ်ပြီး လုပ်ငန်း စုစုပေါင်း(၆) ခုတို့မှ ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်း ၃,၈၇၆ ဦး အတွက် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ (၁၇) ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေး ဆုံးဖြတ်ခဲ့ကြကြောင်းသိရသည်။ ယနေ့အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များမှ Video Conferencing စနစ်အသုံးပြု၍ ပါဝင်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/business/local/29629-2020-09-23-10-11-33

## မိုးသည်းထန်လျက် ရေကြီးမှုများကြောင့် သီးနှံစိုက်ဧရိယာ ဟက်တာ ၂၁ သိန်းကျော် ထိခိုက်ပျက်စီးကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးက ပြောကြားခြင်း

အိန္ဒိယနိုင်ငံ၌ ၂၀၂၀-၂၀၂၁ ခုနှစ် မုတ်သုံသီးနှံရာသီကာလတွင် နိုင်ငံ၏မြောက်ပိုင်းရှိ နေရာဒေသအချို့မှအပ နိုင်ငံ တစ်ဝန်းလုံး၌ မိုးကောင်းစွာရွာသွန်းခဲ့ခြင်းကြောင့် သီးနှံများ စိုက်ပျိုး မှုမှာ ယခင်နှစ်ကထက် ဧရိယာဟက်တာသိန်းပေါင်း ၆၀ ကျော် ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ခဲ့သော်လည်း ပြည်နယ်အချို့၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း တို့ကြောင့် စိုက်ခင်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ပါသည်။

အိန္ဒိယစိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများဖူလုံရေးဝန်ကြီး Mr. Narendra Singh Tomar က ၁၈.၉.၂၀၂၀ နေ့တွင် ကျင်းပသည့် ရာဂျာဆာဘာလွှတ်တော်အစည်းအဝေး၌ ယခုနှစ်မိုးရာသီ၌ သီးနှံစိုက်ခင်းများ ထိခိုက်မှုဖြစ်ပေါ်သည့်အခြေအနေနှင့်

ပတ်သက်၍ နိုင်ငံအတွင်း ပြည်နယ် ၁၅ ခု၌ မိုးသီးနှံဧရိယာ ဟက်တာ ၂၀ သိန်းကျော်သည် ထိခိုက်ပျက်စီးခဲ့သည်ဟု တင်ပြခဲ့ကြောင်း သိရှိရပါသည်။

ရာဂျာဆာဘလွှတ်တော်သို့ ဝန်ကြီး Mr. Tomar က စာဖြင့် ရေးသားတင်ပြမှုအား အိန္ဒိယသတင်းဌာနများမှ ဖော်ပြချက်အရ မိုးသည်းထန်လျက် ရေကြီးမှုများကြောင့် သီးနှံစိုက်ခင်းများ ထိခိုက်ပျက်စီးသည့် ပြည်နယ်များအနက် ဘီဟာပြည်နယ်သည် ဟက်တာ ၉.၂၂ သိန်းကျော်ဖြင့် စပါး၊ ပြောင်းနှင့် သစ်သီးဝလံဟင်းသီးဟင်းရွက်များ ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ပေါ်ခဲ့ကြောင်း၊ ကာနာတကာပြည်နယ်၌ စပါး၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ဝါဂွမ်း၊ ပဲပုတ်စေ့နှင့် အခြားနှံစားသီးနှံများ စိုက်ပျိုးဧရိယာ ဟက်တာ ၃.၃၁ သိန်းခန့် ပျက်စီးမှုရှိကြောင်း၊ ဩရိဿပြည်နယ်တွင် သီးနှံများတတိယအများဆုံးပျက်စီးမှုရှိပြီး စပါးနှင့်သစ်သီးဝလံပန်းမန် ဟက်တာ ၂.၂၀ သိန်းခန့် ထိခိုက်ခဲ့ ကြောင်း၊ အာသံပြည်နယ်၌ စပါး၊ ပြောင်း၊ ဂုန်လျှော်နှင့်ဟင်းသီးဟင်းရွက်စိုက်ခင်းများ ဧရိယာ ဟက်တာ ၁.၉ သိန်းခန့် ထိခိုက်မှုရှိကြောင်း၊ မဟာရဋ္ဌပြည်နယ်တွင် ဝါဂွမ်း၊ နှံစားပြောင်း၊ ပဲစင်းငုံနှင့်နနွင်းစိုက်ခင်းဟက်တာ ၁.၇ သိန်းခန့်ပျက်စီးကြောင်း၊ တဲလန်ဂါနာပြည်နယ်၌လည်း စပါး၊ ဝါ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းပေါင်း ဟက်တာ ၁.၄၃ သိန်းကျော် ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့ သီးနှံစိုက်ခင်းများ ထိခိုက်ပျက်စီးမှုအပေါ် တောင်သူလယ်သမားများအနေဖြင့် သက်သာမှုရရှိစေရန်အတွက် ပြည်နယ်များ၌ သဘာဝဘေးအန္တရာယ်တုန့်ပြန်ရေး ရန်ပုံငွေများ ကို ထူထောင်ထားပြီးဖြစ်ရာသက်ဆိုင်ရာပြည်နယ်အစိုးရများက တာဝန်ယူဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်နယ်များ၌ ရန်ပုံငွေလုံလောက်မှုမရှိပါက ထိခိုက်ဆုံးရှုံးမှုများပြားသည့် ကိစ္စရပ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ရန်ပုံငွေမှ ပံ့ပိုးမှုပြုနိုင်ကြောင်းဖြင့်လည်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးက ပြောဆိုခဲ့ပါသည်။

ယခုနှစ် မုတ်သုံရာသီကာလတွင် မိုးသည်းထန်လျက် ရေကြီးမှုများကြောင့် ဂူဂျရတ်နှင့် မဒ္ဒရာပရာဒေ့ရှ် ပြည်နယ်တို့တွင် မြေပဲ၊ ဝါဂွမ်း၊ ပဲပုတ်စေ့နှင့် အခြားပဲမျိုးစုံစိုက်ခင်းများမှာ ဟက်တာ ၇ သိန်းမှ ၈ သိန်းခန့်အထိ အသီးသီး ရေလွှမ်းမိုးထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း ပြည်တွင်းရှိ သတင်းဌာနများက ရေးသားဖော်ပြမှုများရှိကြသော်လည်း သက်ဆိုင်ရာပြည်နယ်အာဏာပိုင်များက အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနသို့ သတင်းပေးပို့မှုမရှိသေးကြောင်း သိရှိရပါသည်။

1. Heavy rains affected crops like paddy, pulses, oilseeds, vegetables, 18 Sept 2020, Business Standard

2. Kharif area up, but rains hit standing crops in 15 states, 18 Sept 2020, The Hindu Business Line

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့**

## စင်ကာပူနိုင်ငံရှိ အပျော်ခရီးသည်ဆွဲဆောင်သည့်နေရာများသည် ၎င်းတို့လက်ခံနိုင်သော လာရောက်လည်ပတ်သူဦးရေ၏ ၅၀ ရာခိုင်နှုန်းအထိ လက်ခံနိုင်တော့မည်

ကိုဗစ် ၁၉ ရောဂါကူးစက်ပြန့်ပွားမှုအခြေအနေအပေါ်မူတည်၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများကို တဖြည်းဖြည်း ဖြေလျှော့ပေးလျက်ရှိရာ ဇူလိုင်လမှစ၍ အပျော်ခရီးသည် ဆွဲဆောင်သည့်နေရာများ (Tourist Attractions) အား တစ်ချိန်တည်းတွင် ၎င်းတို့မှ လက်ခံ နိုင်သော ဧည့်သည်ဦးရေစုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းအထိသာ လက်ခံဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ ယခုအခါ ၅၀ ရာခိုင်နှုန်းအထိ လက်ခံဆောင်ရွက်ခွင့်ရရှိရန်အတွက် စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့သို့ စက်တင်ဘာလ ၁၈ ရက်နေ့မှစ၍ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရှိရပါသည်။

၎င်းလုပ်ငန်းများအနေဖြင့် Outdoor Show များကို ဆောင်ရွက်လိုပါကလည်း လူဦးရေ ၂၅၀ အထိ ခွင့်ပြု ပေးမည်ဖြစ်ကြောင်း၊ သို့ရာတွင် သတ်မှတ်နယ်မြေအပိုင်းအခြားဇုန် (၅) ခုခွဲ၍ ဇုန်(၁) ခုလျှင် လူဦးရေအများဆုံး ၅၀ ဦးဖြင့် ကန့်သတ်ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ဇုန်များအကြား Safe Distancing ပြုလုပ်ထားရမည်ဖြစ်ကြောင်း၊ Tourist Attractions လုပ်ငန်းများသည် အွန်လိုင်းမှတစ်ဆင့် ကြိုတင်လက်မှတ်မှာယူသည့်စနစ်များကို ဆောင်ရွက်လျက်ရှိပြီးဖြစ်သောကြောင့် လာရောက်လည်ပတ်မည့် ဧည့်သည်အရေအတွက်ကိုလည်း စောင့်ကြည့်ကြီးကြပ်နိုင်မည်ဖြစ်ကြောင်း၊ ကိုဗစ်ကာလအတွင်း လူအုပ်စုဖွဲ့မှုများ မဖြစ်ပေါ်လာစေရန် တားမြစ်ကန့်သတ်သည့်အစီအမံများကြောင့် ထိခိုက်မှုဖြစ်ပေါ်လျက်ရှိသော ယင်းလုပ်ငန်းများအတွက် စည်းမျဉ်းများကို တဖြည်းဖြည်းဖြေလျှော့ပေးခြင်းဖြစ်ပါကြောင်း စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က

ပြောကြားပါသည်။

**Source:** The Business Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ စင်ကာပူ**

## CLMV နိုင်ငံများ၏ အထည်ချုပ်လုပ်ငန်းကဏ္ဍ အလားအလာအပေါ် အောက်စ်ဖို့ဒ်စီးပွားရေးမှ ခန့်မှန်းချက်ထုတ်ပြန်

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ဗီယက်နမ် (CLMV) နိုင်ငံများ၏ အထည်အလိပ် လုပ်ငန်း အလားအလာနှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်း COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် အနီးကပ်ကာလအတွက် ခြိမ်းခြောက်မှုရှိနေပြီး အထူးသဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ အထည်ချုပ်ကဏ္ဍအပေါ် ပို၍ခြိမ်းခြောက်မှုရှိနိုင်သည်ဟု Oxford Economics က ခန့်မှန်းထားသည်။ ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် ကန့်သတ်ပိတ်ဆို့မှုများသည် CLMV နိုင်ငံများတွင် ကုန်ထုတ်လုပ်မှုနှင့် ပို့ကုန်တင်ပို့မှုတို့အပေါ် များစွာသက်ရောက်မှုရှိသည်ဟု Oxford Economics ၏ အာရှစီးပွားရေးပညာရှင် Sian Fenner က ပြောကြားခဲ့သည်။ ကမ္ဘောဒီးယား၊ မြန်မာနှင့်ဗီယက်နမ်နိုင်ငံတို့ရှိ အထည်ချုပ်လုပ်ငန်းများအတွက် ကုန်ကြမ်းပစ္စည်းများ၏ ၅၅ ရာခိုင်နှုန်းကျော်သည် တရုတ်နိုင်ငံမှဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်အစောပိုင်းက တရုတ်နိုင်ငံ၏စက်ရုံများပိတ်သိမ်းထားရမှုကြောင့် အထည်ချုပ်လုပ်ငန်းကဏ္ဍသည် ယင်းနိုင်ငံများ၌ ကပ်ရောဂါကြောင့် ဆိုးရွားစွာထိခိုက်ခဲ့ရသည့် ကဏ္ဍများအနက် တစ်ခုဖြစ်ခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံမှပို့ကုန်၏ ၆၆ ရာခိုင်နှုန်းကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ်ရရှိနေသည့် အဝတ်အထည်လုပ်ငန်းမှ တင်ပို့ခြင်းဖြစ်ရာ ကမ္ဘောဒီးယားအနေဖြင့် CMLV စီးပွားရေးနှေးကွေးမှု၏ဒဏ်ကို ခံစားရနိုင်ကြောင်း ခန့်မှန်းထားခြင်းဖြစ်သည်။ FDI စီးဝင်မှုသည် ယခုနှစ်တွင် သိသိသာသာကျဆင်းနိုင်ပြီး၊ ကမ္ဘာတစ်ဝန်း အဝတ်အထည် ဝယ်လိုအား လျော့နည်းနေခြင်းနှင့် ကမ္ဘောဒီးယားနိုင်ငံအပေါ် အီးယူ၏ Everything But Arms အစီအစဉ်တစ်စိတ်တစ်ပိုင်း ရုပ်သိမ်းမှုတို့ကြောင့် ၂၀၂၁ ခုနှစ်တွင် ပြန်လည်နာလန်ထူလာနိုင်မှုသည်လည်း အားနည်းနိုင်ကြောင်း Fenner ၏ ခန့်မှန်းချက်အရ သိရသည်။

သို့သော် CLMV နိုင်ငံများသည် အာဆီယံဒေသအတွင်း၌ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ထက် စီးပွားရေးတိုးတက်မှု ပို၍အားကောင်းနိုင်သည့် အခြေအနေရှိနေဆဲဖြစ်ကြောင်း၊ ၂၀၂၀ မှ ၂၀၂၈ ကာလအထိ CLMV အုပ်စု၏ စီးပွားရေးသည် ပျမ်းမျှအားဖြင့် ၅ ဒသမ ၁ ရာခိုင်နှုန်းဖြင့် တိုးတက်နိုင်ကြောင်းနှင့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံ (ASEAN-5) ၏ စီးပွားရေးတိုးတက်နှုန်းမှာ ပျမ်းမျှ ၄ ရာခိုင်နှုန်းရှိမည်ဟု Oxford Economics က ခန့်မှန်းထားကြောင်း သိရသည်။

**Source:** https://en.vietnamplus.vn

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

## STOCK EXCHANGE (24.9.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 24th Sep. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 10,000 | 127 | 1,270,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,700 | +50 | +1.37% | 3,650 | 3,700 | 3,650 | 745 | 2,719,800 | 38,929,150 | 144,038 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 4 | 32,400 | 10,400,986 | 84,248 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,500 | 3,041 | 68,422,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 15 | 41,250 | 12,823,224 | 35,264 |
| EFR | 00006 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 19,977,223 | 59,932 |

## Market summary

As of 24th Sep. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 436.99 | +1.30 | +0.30% | 435.69 | 436.99 | 435.69 | 3,932 | 72,485,950 | 6 | 650,230 |

**Index chart**




# Market Overview

As of 12:30 pm, 24th Sep. 2020

| MYANPIX | 436.99 ▲ 1.30 |
|---|---|
| Total Volume (shares) | 3,815 |
| Total Value (MMK) | 71 mil |
| Listed Company | 6 |
| Market Cap. (MMK) | 650,230 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,700 | ▲ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 3,000 | ▲ 0 |